BRITISH COUNCIL

# ညွှန်ကြားရေးမှူးထံမှ အမှာစကား (၂၀၂၀ ဧပြီလ ၂ ရက်)

မတ်လ ၂၅ ရက်နေ့က ထုတ်ဆိုခဲ့သည့် သတင်းစကားအပြင် ယခုမြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့် Covid-19 လက်ရှိအခြေအနေများအပေါ် ကျွန်ုပ်တို့၏တုံ့ပြန်ချက်များအား ဆက်လက် သတင်းပေးလိုပါသည်။

ထိုသတင်းစကားထဲတွင်ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံအစိုးရ၏ အကြံပြုချက်နှင့်အညီ ကျွန်ုပ်တို့၏ရုံးများအား ခေတ္တပိတ်ထားပါသည်။ မြန်မာနိုင်ငံအစိုးရ၏ အန္တရာယ်လျော့ချရေးအတွက် ကြိုးပမ်းမှုအပေါ် ထောက်ပံ့ရန်နှင့် ကျွန်ုပ်တို့၏ ဧည့်သည်များ၊ ဝန်ထမ်းများနှင့် ကျွန်ုပ်တို့ လုပ်ငန်းဆောင်ရွက်နေသည့် လူမှုအသိုင်းအဝိုင်းများ၏ ကျန်းမာရေးနှင့် လုံခြုံမှုကို ကာကွယ်ရန် ကျွန်ုပ်တို့ဘက်မှ အစစအရာရာ လုပ်ဆောင်လျက်ရှိပါသည်။

ရုံးများအား ယာယီပိတ်ထားခြင်းသည် မြန်မာနိုင်ငံအပေါ် ကျွန်ုပ်တို့၏ ကတိကဝတ်များကိုလျော့ချခြင်း လုံးဝမဟုတ်ပါ။

ဧပြီလ ၁ ရက်နေ့က တစ်နိုင်ငံလုံးသို့ပြောကြားခဲ့သည့် မိန့်ခွန်းထဲတွင် ဒေါ်အောင်ဆန်းစုကြည်သည် ရောဂါကူးစက်မှုလျော့ချရေးအတွက်ကူညီရန် ရုပ်ပိုင်းဆိုင်ရာအထိအတွေ့ကို ရှောင်ရှားဖို့ 'ဝေးဝေးနေလေ ကောင်းလေ' ဟုအကြံပေးခဲ့ပါသည်။ ယခုကဲ့သို့ ခက်ခဲသောအချိန်တွင် မြန်မာနိုင်ငံရှိပြည်သူများနှင့် အဖွဲ့အစည်းများကို ယူကေနိုင်ငံနှင့် ရုပ်ပိုင်းဆိုင်ရာချိတ်ဆက်ပေးရန်မဖြစ်နိုင်ပါ။ သို့သော် ၎င်းသည် ယူကေနှင့်မြန်မာနိုင်ငံအကြား ယုံ ကြည်မှုနှင့်နားလည်မှုတည်ဆောက်လိုသော ကျွန်ုပ်တို့၏ဆန္ဒကို လျော့သွားစေသည်မဟုတ်ပါ။

ကျွန်ုပ်တို့၏ဆန္ဒကိုပိုမိုပြင်းပြစေပါသည်။

နှစ်ပေါင်း ၇၀ မြန်မာနိုင်ငံတွင် ရှိခဲ့သည့် သမိုင်းတလျှောက်တွင် နိုင်ငံနှင့် ပြည်သူများအကြား ခင်မင်ရင်းနှီးမှုနှင့် ပတ်သက်၍ အလွန်အရေးကြီးသောသင်ခန်းစာကို ရရှိခဲ့ပါသည်။

ပြည်သူများကို ယူကေနိုင်ငံမှ အကောင်းဆုံးသင်ယူနိုင်သည့်အခွင့်အလမ်းများနှင့် ဆက်သွယ်လိုသော ကျွန်ုပ်တို့၏ဆန္ဒသည် ယခင်ကကဲ့သို့ခိုင်မာနေဆဲဖြစ်ပါသည်။ ကျွန်ုပ်တို့၏အဖွဲ့သားများသည် ယူကေနှင့်မြန်မာနိုင်ငံရှိ ပြည်သူများနှင့် အဖွဲ့အစည်းများနှင့်ဆက်နွယ်နေစေရေးအတွက် နည်းလမ်းများရှာဖွေရန် အပူတပြင်း လုပ်ဆောင်နေကြပါသည်။ ကျွန်ုပ်တို့သည်ထိုသို့ပြုလုပ်ရန် ဆန်းသစ်သော နည်းလမ်းသစ်များကို ရှာဖွေလျက်ရှိပါသည်။

သင်သည်အင်္ဂလိပ်စာလေ့လာနေသူဖြစ်ပါက ကျွန်ုပ်တို့၏အွန်လိုင်းအရင်းအမြစ်များကို အချိန်မရွေး လေ့လာနိုင်ပါသည်။ အင်္ဂလိပ်စာသင်ခန်းစာများကို ဤနေရာတွင်အခမဲ့လေ့လာပါ။

သင်သည်အင်္ဂလိပ်စာသင်ကြားသည့် ဆရာ/ဆရာမ ဖြစ်ပါက စာသင်ခန်းအတွင်း သင်၏အရည်အချင်းနှင့် ယုံကြည်ကိုမြှင့်တင်ရန် အခမဲ့အရင်းအမြစ်များကို ဤနေရာတွင် လေ့လာပါ။

အောက်ဖော်ပြပါ အရင်းအမြစ်များသည်လည်း အသုံးဝင်မည်ဟု မျှော်လင့်ပါသည်။

- TeachingEnglish အွန်လိုင်းသင်ကြားရေး webinar / Facebook တိုက်ရိုက်ထုတ်လွှင့်မှုများ
- LearnEnglish Covid-19 အခြေအနေတွင် လူကြီးများအတွက် အင်္ဂလိပ်စာလေ့လာရေးအထောက်အပံ့များ
- LearnEnglish Kids Covid-19 အခြေအနေတွင် မိဘများအတွက် အင်္ဂလိပ်စာလေ့လာရေးအထောက်အပံ့များ လေ့လာရေးအထောက်အပံ့များ
- LearnEnglish Kids: လက်ဆေးနည်း အင်္ဂလိပ်သီချင်း

ဗြိတိသျှကောင်စီရန်ကုန်တွင် ကျွန်ုပ်တို့၏ကျောင်းသား၊ ကျောင်းသူများအတွက် virtual ဝင်ခွင့်စာမေးပွဲများကို ပြုလုပ်ပေးနေပြီဖြစ်သည်။ ဧပြီလအကုန်တွင် virtual သင်တန်းများကိုစတင်ဖို့ မျှော်လင့်ပါသည်။

ကျွန်ုပ်တို့တွင် အချိန်မရွေး တက်ရောက်နိုင်သည့် အခြားအွန်လိုင်းသင်တန်းများလည်းရှိပါသည်။ ဗြိတိသျှစာပေနှင့် ရှိတ်စပီးယားအကြောင်းလေ့လာလိုပါက ကျွန်ုပ်တို့၏ Mass Open Online Courses (MOOCs) တွင် စာရင်းသွင်းပါ။

ထို့အပြင် ကျွန်ုပ်တို့၏ဒစ်ဂျစ်တယ်စာကြည့်တိုက်ကို အစဉ်အမြဲ မြန်မာနိုင်ငံတစ်ဝှမ်းမှအသုံးပြုနိုင်စေရန် ဖွင့်လှစ်ထားဆဲဖြစ်ပါသည်။ ဤနေရာတွင် လေ့လာပါ။

 အစိုးရ၏အကြံပြုချက်နှင့်အညီ ကျွန်ုပ်တို့၏ လုပ်ဆောင်မှုများကို ပြန်လည်ပုံဖော်ရန် ကျွန်ုပ်တို့၏စီမံကိန်းမိတ်ဖက်များ၊ အပြည်ပြည်ဆိုင်ရာအေဂျင်စီများနှင့်လုပ်ဆောင်လျက်ရှိပါသည်။ ဥပမာအားဖြင့် အဆင့်မြင့်ပညာရေးတွင် ကျွန်ုပ်တို့၏ အတတ်ပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များကို အွန်လိုင်းမှပို့ချပေးနိုင်ရန် စီစဉ်နေပါသည်။

ကျွန်ုပ်သည် ကျွန်ုပ်တို့၏လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဖက်များနှင့်အတူ မြန်မာနိုင်ငံတွင်ဆက်လက်လုပ်ကိုင်လျက်ရှိနေပြီး မြန်မာနိုင်ငံရှိပြည်သူများကို ယူကေနိုင်ငံ၏အကောင်းဆုံးသင်ကြားရေးနှင့် ယဉ်ကျေးမှုအခွင့်အလမ်းများနှင့် ဆက်သွယ်ရန်၊ နှစ်နိုင်ငံအကြားယုံကြည်မှုနှင့်နားလည်မှုတည်ဆောက်ရန်တို့အတွက် ဆက်လက်ကြိုးပမ်းသွားမည်ဟု ထပ်မံပြောကြားလိုပါသည်။

ယခုကဲ့သို့ ခက်ခဲသောကာလအတွင်း ကျွန်ုပ်တို့၏ စဉ်ဆက်မပြတ်အားပေးကူညီနေမှုများကို ယုံကြည်စိတ်ချရန် ပြောကြားလိုပါသည်။

#CultureConnectsUs

Dr Richard Sunderland

ညွှန်ကြားရေးမှူး

ဗြိတိသျှကောင်စီ မြန်မာ